ပုဇွန်ဆိပ်ကျေးရွာ

ပုဇွသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပုဇွန်ဆိပ်ကျေးရွာ၊ ပုဇွသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ပုဇွန်ဆိပ်ကျေးရွာ ကျေးရွာသယံဇာတပြဖြေပုံ၊ပုဗ္ဗသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၂၀
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု	၂၁-၄၁

	အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၄၂-၄၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်

လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၈ပြီလ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပုဇွန်ဆိပ်ကျေးရွာ

ပုဇွသီရိမြို့နယ်



ပုဇွန်ဆိပ်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပုဇွန်ဆိပ်ကျေးရွာသည် ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ **ပုဇွန်ဆိပ်ကျေးရွာ**အုပ်စုတွင် ရှိပြီး Longitude 96.192၊ Lattitude 19.99 တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တက်ကုန်းမြို့သို့သွားသည့် **ကတ္တရာလမ်းမကြီး**၊အနောက်ဘက်တွင် ကျွန်းတောကြီး ကျေးရွာ နှင့် ဖိုးစောင်းတောင်တန်းရှိပြီး၊ မြောက်ဘက်နှင့်တောင်ဘက်တွင် ရေမြောင်းများ တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။ ပုဇွန်ဆိပ်ရွာသည် မြေပြန့် လွင်ပြင်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၃˚C)နှင့် အနိမ့်ဆုံးအပူချိန် (၂၃˚C)ဖြစ်ပါသည်။ မိုးဦး ကာလအတွင်း လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများ ရှိပါသည်။ မိုးရာသီတွင် ဖိုးစောင်းတောင် ရိုးချောင်းမှ ရေတိုက်စားမှုကြောင့် ရေမြောင်းများရှိ မြေသားနံရံများ ပြိုကျသည့် အန္တရာယ် အား ကြုံတွေ့ရလျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၁၄.၈) ဧက၊ ယာမြေ (၆၁၇.၈) ဧက ၊ စုစုပေါင်း (၁၀၃၂.၆၃) ဧက ရှိပါသည်။ အိမ်ခြံမြေများ တွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၅ဦး)၊ သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ပရဟိတလူငယ်အဖွဲ့ (ကျား - ၄ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီ (က - ၁၀ ဦး+ မ- ၅ ဦး) စုစုပေါင်း ၁၅ဦး သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေး ကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ အရံမီးသပ်အဖွဲ့ (က- ၁၀ဦး) သည် ကျေးရွာမီးဘေးလုံခြုံရေး အတွက် ဦးဆောင်လျက်ရှိပါသည်။ မိခင်နှင့်ကလေး စောင့်လျောက်ရေးအသင်းအဖွဲ့သည် (မ-၅)ဦး ရှိပြီး ကျေးရွာအတွင်းရှိ မိခင်နှင့်ကလေးများ

၏ ကျန်းမာရေးကို အထူးဂရုပြု ဆောင်ရွက် လျှက်ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ့တွင် (မ-၄)ဦးဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအတွင်းရှိ အမျိုးသမီးထ ုအတွက် လူမှုရေး၊ ကျန်းမာရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက် လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင် နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) **သီးနှံ စိုက်ပျိုးရေး**

ပုဇွန်ဆိပ်ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၁၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၄၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၂) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁) အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး**စိုက်ပျိုးလျှက်ရှိပြီး ရာသီအလိုက် အခြားသီးနှံများကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။** မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု ထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုး လုပ်ကိုင်ကြပြီး စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၅၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမား များတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁) စီး၊ ခြွေလှေ့စက် (၁)စီးနှင့် ခြေနင်း ရေတင်စက် (၂)စီး ရှိပါသည်။ ကျန်တောင်သူများအနေဖြင့် ငှားရမ်း လုပ်ကိုင်လျှက်ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်း လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် တက်ကုန်း စျေးရှိကုန်စည်ဒိုင်များတွင်ကိုယ်တိုင်သွားရောက်သွင်းခြင်းဖြင့်စျေးကွက်အနေဖြင့်အဆင်ပြေ **လျှက်ရှိ**ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် ဖိုးစောင်းတောင်၏ ရိုးမှလာသောရေများသည် စပါးခင်းများ အား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုများရှိသကဲ့သို့ မိုးခေါင်သည့်

လများတွင်လည်း လယ်ယာမြေစိုက်ပျိုးရန်အတွက် အခက်အခဲများ ဖြစ်ပေါ် လျှက်ရှိပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၉၉) အိမ်ရှိပြီး နွားကောင်းရေ (၂၂၃) ကောင်၊ မြင်းမွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၁) ကောင်၊ အိမ်ထောင်စု (၁၁၇) အိမ်မှ ဝက် (၁၄၀) ကောင်၊ အိမ်ထောင်စု (၁၅) အိမ်မှ ကြက် (၅၃) ကောင်၊ ဘဲမွေးမြူသူ အိမ်ထောင်စု (၁)စုတွင်ဘဲကောင်ရေ (၉)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ **ရှိသော်လည်း ကျေးရွာသူ/သားများ၏ အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျ မခံလိုခြင်းများ ကြောင့်** ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာ နှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာ**တွင်** တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ ထမင်းဆိုင်များ ဦးစားပေး လုပ်ကိုင်ကြပြီး၊ ဝန်ထမ်းများ၊ စက်မောင်းသမားများ၊ ပြည်ပသို့ သွားရောက်သူများ၊ ကျပန်းလုပ်ကိုင်သူများ၊ စက်ပြင်အလုပ်များ၊ ဆိုင်းဝိုင်းတွင် မင်းသမီး၊ မင်းသား လုပ်ကိုင်သူများစသည် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်း တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသများတွင် လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ **စိုက်ပျိုးတောင်သူများ အနေဖြင့်လည်း မိုးရေကိုသာ အားထားနေရသဖြင့် မိုးခေါင်သော**

ရာသီများတွင် လုပ်ငန်းများ ရပ်တန့်နေရပြီး ကျပန်း၊ စျေးရောင်း၊ ကယ်ရီစသည့်အလုပ်များကို လုပ်ကိုင်ဆောင်ရွက် လျှက်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တွင် ပုံစံ (၇) ဖြင့် တစ်ကောလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကောအထိ အလွယ်တကူ ချေးယူ ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်း မှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများ ထံမှ တစ်လအတိုးနှုန်း (၅-၁၅) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၁) စီး၊ မော်တော် ဆိုင်ကယ်(၅၀) စီး၊ ကား(၃)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ နွားလှည်း (၅၀)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ရွာလယ်လမ်းမကြီး၊ ရွာပတ်လမ်းနှင့် လမ်းသွယ် (၈)ခုရှိပြီး လမ်းအားလုံးသည် မြေသားလမ်းများဖြစ်သဖြင့် လမ်းအားလုံးသည် ပွင့်လင်းရာသီတွင်သာ ကောင်းစွာအသုံးပြုလျှက်ရှိပြီး မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက် များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။

ကျေးရွာ၏ တောင်ဘက်နှင့်မြောက်ဘက်တွင် ရေမြောင်းများ ရှိသော်လည်း မိုးရာသီ တွင် ဖိုးစောင်းတောင် ရိုးများမှ ရေများ အလုံးအရင်းဝင်ရောက်လာသဖြင့် ရေမြောင်း မြေသားနံရံများ ပြိုကျကာ ရေမြောင်းပိတ်ဆို့သဖြင့် ရေများသည် ကျေးရွာ အတွင်း ဝင်ရောက်ခြင်း၊ လမ်းများပေါ် ရေလွှမ်းမိုးမှုများရှိသဖြင့် လမ်းများပျက်စီးခြင်း၊ သွားလာရ

ခက်ခဲခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် မြောက်ဘက်ရေမြောင်း သည် ပြန်လည်တူးဖော်ရန် လိုအပ်လျက်ရှိပါသည်။

(ခ) **ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု (၁၄၁)စု ရှိပါသည်။ ကျန်အိမ်ထောင်စုများအနေဖြင့် ဆိုလာအသုံးပြုသူ အိမ်ထောင်စု (၁)စု၊ ဒီဇယ်အင်ဂျင်အသုံးပြု အိမ်ထောင်စု (၁)စုနှင့် ကျန်ရှိအိမ်ထောင်စုများမှာ ဖယောင်းတိုင်စသည့် အခြားနည်းများအသုံးပြုလျက်ရှိပါသည်။

(ဂ) **သတင်းနှင့် ဆက်သွယ်ရေး**

ပုဇွန်ဆိပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် များကို ဖုန်း (၉၆) လုံး၊ ရေဒီယို (၂) လုံး၊ တီဗွီ (၇၆) လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာအနီးတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် မူလွန်ကျောင်းတွင် ပညာရေးကို သင်ကြားနိုင်ပြီး အထက်တန်း အဆင့်များကို **အနီးရှိ ကျောင်းများတွင်** ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ မူလတန်း ကျောင်းတွင် ကျောင်းဆောင်(၁)ဆောင်ရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများ သာမက အခြားနီးစပ်ရာ ကျေးရွာများမှပါ လာရောက်ပညာ သင်ကြားနေကြ ပါသည်။ လက်ရှိ ကျောင်းဆောင်များ၏ အမိုး၊ နံရံ၊ အခင်းများမှာ အသင့်အတင့် အနေထားတွင်သာ ရှိပြီး ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှု ရှိပါသည်။

ကျေးရွာတွင် စာမတတ်သူမရှိပါ။ သက်ကြီးရွယ်အိုများအနေဖြင့် ဘကကျောင်း တက်ရောက်သင်ကြားခဲ့ကြသူများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၆.၂၇) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၉.၇၁) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၆.၄၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ် အဆင့် စာတတ်မြောက် သူမှာ (၁.၄၄) ရာခိုင်နှုန်း ရှိကြပါသည်။

ကျောင်းကောင်မတီသည် မူလွန်အဆင့်မှ အလယ်တန်းအဆင့်တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးနှံ ပေးပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ **ပုဗ္ဗသီရိမြို့၊ ပျဉ်းမနား**မြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် **ပုဗ္ဗသီရိ** မြို့နယ်ဆေးရုံ၊ ပျဉ်းမနားဆေးရုံများသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေး နှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။ ကန့်စွန်းအင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ရွာနှင့်နီးသဖြင့် သွားလာရ လွယ်ကူသည့်အတွက် ကျန်းမာရေးနှင့်ပတ်သတ်၍ အခက်အခဲသိပ်မရှိပါ။ သို့သော် ကျေးရွာအတွင်း ဖျားနာခြင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအတွက် ဆေးဝယ်ယူသောက်သုံးရန်အတွက် ဆေးဆိုင်မရှိခြင်း၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင် များ၊ သက်ကြီးရွယ်အိုများအတွက် ကျေးလက်ဆေးပေးခန်း ဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

ကျေးရွာတွင် သောက်သုံးရေကို ရေတွင်း၊ အဝီစိ/တုံကင်တွင်းများ၊ အဝီစိ/စက်တပ်တွင်းများအား အဓိကထား အသုံးပြုကြပြီး သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ သောက်သုံးရေအတွက် အခက်အခဲမရှိပါ။ ကျေးရွာတွင် သန့်ရှင်း သော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု များအပြားရှိပြီး ကျန် အိမ်ထောင်စု များမှာ တွဲဖက်အသုံးပြုလျှက်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပုဇွန်ဆိပ်ကျေးရွာတွင် သက်ကြီးရွယ်အို တစ်ဦးတည်းနေထိုင်သူအနည်းငယ်နှင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုအနည်းငယ် နှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက် ခံစားရ လွယ်ကူနိုင်ပါသည်။

ပုဇွန်ဆိပ်ကျေးရွာ၏ အနောက်ဘက်တွင် ဖိုးစောင်းတောင်ရှိပြီး မိုးရေများသည် ရိုးတစ်လျှောက် စီးဆင်းလာပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာရာ ကျေးရွာရှိ ရေမြောင်းများသည် မြေပြိုကျသဖြင့် ပိတ်ဆို့မှုများ ဖြစ်ပြီး ရေများသည် ကျေးရွာအတွင်းသို့ ဝင်ရောက်လျှက်ရှိရာ လမ်းများ ပျက်စီးခြင်း၊ နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်းနှင့် သွားလာရခက်ခဲခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။

မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ရာသီတုတ်ကွေး ဖြစ်ပွားသည့် လူနာ အနည်းငယ် ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပုဇွန်ဆိပ်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ပုဇွန်ဆိပ်			ကျေးရွာအမည် - ပုဇွန်ဆိပ်	ဦးစားပေး အဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	-		
၂	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးပညာပေးသင်တန်း/ဟောပြောပွဲများဆောင်ရွက်ခြင်း	၁၁	
၃	မွေးမြူရေးနှင့်ငါးလုပ်ငန်း - မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဆိုင်ရာပညာပေးသင်တန်း/ဟောပြောပွဲများဆောင်ရွက်ခြင်း	၁၁	
၄	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား-အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	-		
၅	ငွေကြေး	အသေးစား	မြစိမ်းရောင်စီမံကိန်းကဲ့သို့ ချေးငွေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း	၆	
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူလွန်အဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့် ဆောင်ရွက်ခြင်း	၄	
၇	ကျန်းမာရေး	ကျေးလက်	ကျန်းမာရေးဆေးပေးခန်းဆောင်ရွက်ခြင်း	၃	

ကျေးရွာအုပ်စုအမည် - ပုဇွန်ဆိပ်			ကျေးရွာအမည် - ပုဇွန်ဆိပ်	ဦးစားပေး အဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
		ကျန်းမာရေး၊			
၈	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်းများရိုစာခင်းခြင်း	၁	
၉	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	**ရွာမြောက်ဘက်ရှိ ရေမြောင်း ပြုပြင်ဆောင်ရွက်ခြင်း**	၂	
	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	**ဘုန်းကြီးကျောင်း အုတ်တံတိုင်းဆောက်လုပ်ခြင်း**	၁၀	
၁၀	လျှပ်စစ်	မဟာဓာတ်အားလိုင်း	-		
၁၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	**စာကြည့်တိုက်တွင် စာအုပ်များထပ်မံ ဖြစ်ရန် ဆောင်ရွက်ခြင်း။**	၈	
၁၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစားကွင်းဆောက်လုပ်ခြင်း	၅	
၁၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်းနှင့် အမျိုးသမီး	အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း	၇	
၁၄	လူငယ်	လူငယ်နှင့်ယဉ်ကျေးမှု	နိဗ္ဗာန်ယာဉ်ကား ရရှိရေးဆောင်ရွက်ခြင်း	၉	

ပုဇွန်ဆိပ်ကျေးရွာအုပ်စု၊ ပုဇွန်ဆိပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းဌေး	ဦးစောလှိုင်	၉/တကန(နိုင်) ဝ၅၁၃၉၇	၄၉	ဥက္ကဋ္ဌ	၀၉-၇၉၉၁၄၃၃၂၀
၂	ဒေါ်ဌေးအောင်	ဦးညီ	၉/တကန(နိုင်) ၁၀၇၃၃၇ဆ	၃၈	အတွင်းရေးမှူး	၀၉-၇၉၃၇၅၇၃၄၀
၃	ဦးတင်စိန်	ဦးသာလှ	၉/တကန(နိုင်) ဝ၅၆၀၂၅	၅၆	ဘဏ္ဍာရေးမှူး	၀၉-၇၆၂၀၅၇၃၈၉
၄	ဦးမြဝင်း	ဦးထွန်းတင်	၉/တကန(နိုင်) ဝ၅၁၃၅၄	၅၆	စာရင်းကိုင်	၀၉-၃၁၇၃၁၈၁၄
၅	ဒေါ်နွယ်နီထွန်း	ဦးထွန်းဝင်း	၁၃/ကဟန(နိုင်) ဝ၁၃၀၀၇	၄၀	သေ့ကိုင်-၁	၀၉-၇၈၅၅၇၁၅၈၇
၆	ဦးမောင်ကြီး	ဦးလှမောင်	၉/တကန(နိုင်) ဝ၅၆၀၂၆	၅၆	သေ့ကိုင်-၂	၀၉-၇၉၀၄၀၂၆၅၅
၇	ဒေါ်အေးမြင့်	ဦးသာလှ	၉/တကန(နိုင်) ဝ၅၁၄၂၄	၄၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၆	၁၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၀	၂၁	၆၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၇	၇၀	၁၂၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၄	၆၈	၁၆၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၅၀	၅၃၈	၁၀၈၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၄၆	၆၉
စုစုပေါင်း		**၇၇၅**	**၇၄၉**	**၁၅၂၄**
စုစုပေါင်း အိမ်ထောင်စု		**၃၃၈**		

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိအိမ်ထောင်စု(၃၃၈)စုတွင် ကျား(၇၇၅)၊ မ(၇၄၉) စုစုပေါင်း**(၁၅၂၄)**ဦး ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ **(၄)**ဦးခန့် ရှိပါသည်။ **(၁)**နှစ်အောက်ကလေးငယ်မှာ(၁၇)ယောက်ရှိပြီး

(၁.၁၂%)သာရှိသည့်အတွက်ကျေးရွာတွင်ကလေးမွေးဖွားမှုနှုန်းနည်းသည်ကိုတွေ့ရှိရပါသည်။

(၇၁.၃၉%) သည် ၁၅နှစ်မှ၆၄နှစ်အကြား အလုပ်လုပ်နိုင်သောအရွယ်များဖြစ်၍ လုပ်သာအင်အား ပေါများပါသည်။

(၂) သဘာဝရင်းမြစ်များ

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/မြစ်/စိမ့်စမ်း စသည်)
လယ်မြေ	၄၁၄.၈၃	သင့်	အနည်းအကျဉ်း	မိုးကောင်းရေသောက်

ယာမြေ	၆၁၇.၈	သင့်	အနည်းအကျဉ်း	မိုးကောင်းရေသောက်
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့**	**ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)**	**ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)**
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	**၁၀၃၂.၆၃**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေဧက (၄၁၄.၈၃) ကျော်ရှိပြီး ဆန်စပါးစိုက်ပျိုးကြပါသည်။ ယာမြေများတွင် ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်းနှင့် ငှက်ပျောစသည့် သီးနှံများ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ အားကိုးစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ လယ်မြေများသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသည့်အတွက် မိုးနည်းသောကာလများတွင် လယ်စိုက်တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့ရပါသည်။ လယ်ယာသုံးပစ္စည်းများအနေဖြင့် လက်တွန်းထွန်စက် (၁)စီး နှင့် ခြွေလှေ့စက် (၁)စီး၊ ခြေနင်းရေတင်စက် (၂)ခုရှိပြီး ကျန်တောင်သူများအနေဖြင့် လယ်ယာသုံးပစ္စည်းများကို ငှားရမ်းသုံးစွဲလျက် ရှိပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ)

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ)စသည်	မရှိ	
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	အသင့်အတင့်	အသင့်အတင့်
အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	အသင့်အတင့်	အသင့်အတင့်
ပျမ်းမျှအပူချိန်- (၃၀´C)	**ပျမ်းမျှမိုးရေချိန်-**	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ခါတ်သတ္တု အရင်းအမြစ်များမရှိပါ။ တိရိစ္ဆာန်မျိုးစိတ် အနည်းငယ်ရရှိနိုင်ပြီး အသင့်အတင့် အသုံးချနိုင်ပါသည်။ အပင်မျိုးစိတ်များတွင် ဖိုးစောင်းတောင်နှင့် နီးသော ကြောင့် အသင့်အတင့်ရှိပြီး အနည်းငယ် ပြန်လည်အသုံးချနိုင်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	အုပ်ချုပ်ရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး √ ငွေကြေး □ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာရှိ ကျေးရွာသူ/သား များအားလုံး ပါဝင်သည့် အတွက် အဖွဲ့အစည်းသည် ခိုင်မာတောင့်တင်းမှုရှိပါသည်။
၂	သာရေးနာရေး အဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာအတွင်းရှိ သာရေး နာရေးကိစ္စရပ်များအား ဦးဆောင်၍ ဆောင်ရွက်လျှက် ရှိပါသည်။
၃	ပရဟိတလူငယ် အဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √	ကျေးရွာအတွင်းရှိ လူမှုရေး၊ သာရေးနာရေးကိစ္စရပ်များတွင်

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး ☐ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** √ **လုံခြုံရေးနှင့် ကာကွယ်ရေး** ☐	ဦးဆောင်၍ ဆောင်ရွက်လျှက် ရှိပါသည်။
၄	အမျိုးသမီး ရေးရာအဖွဲ့	၁☐ ၂√ ၃☐	**ပညာရေး** ☐ **ဌေကြေး** ☐ **ကျန်းမာရေး** √ **ဘာသာရေး** ☐ **စိုက်ပျိုးမွေးမြူရေး** ☐ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** √ **လုံခြုံရေးနှင့် ကာကွယ်ရေး** √	၎င်းအဖွဲ့အစည်းတွင် အမျိုးသမီးများ တက်တက် ကြွကြွ ဆောင်ရွက်လျှက်ရှိ ပါသည်။
၅	ကျောင်းကော်မတီ	၁☐ ၂√ ၃☐	**ပညာရေး** √ **ဌေကြေး** ☐ **ကျန်းမာရေး** ☐ **ဘာသာရေး** ☐ **စိုက်ပျိုးမွေးမြူရေး** ☐ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** ☐ **လုံခြုံရေးနှင့် ကာကွယ်ရေး** ☐	၎င်းအဖွဲ့အစည်းတွင် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား မိဘများနှင့် ဖွဲ့စည်းဆောင် ရွက်လျှက်ရှိ ပါသည်။
၆	မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့	၁☐ ၂√ ၃☐	**ပညာရေး** ☐ **ဌေကြေး** ☐ **ကျန်းမာရေး** ☐ **ဘာသာရေး** ☐ **စိုက်ပျိုးမွေးမြူရေး** ☐ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** ☐ **လုံခြုံရေးနှင့် ကာကွယ်ရေး** ☐	ကျေးရွာအတွင်းရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေး ဦးစားပေး ဆောင်ရွက်လျှက် ရှိပါသည်။ သက်ကြီးရွယ်အို များကိုလည်းပြုစုစောင့်ရှောက် ရေး ဆောင်ရွက်လျှက်ရှိ ပါသည်။
၇	အရံမီးသတ်အဖွဲ့	၁☐ ၂√ ၃☐	**ပညာရေး** ☐ **ဌေကြေး** ☐ **ကျန်းမာရေး** ☐ **ဘာသာရေး** ☐ **စိုက်ပျိုးမွေးမြူရေး** ☐ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** ☐ **လုံခြုံရေးနှင့် ကာကွယ်ရေး** ☐	ကျေးရွာအတွင်း မီးဘေး လုံခြုံရေး အထူးဦးဆောင်၍ ဆောင်ရွက်လျှက်ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးအဖွဲ့(၆)ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့(၁)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ လူမှုရေးအဖွဲ့မှာ ကျေးရွာတွင် လူပ်ရှားမှုအားအကောင်းဆုံးနှင့် စွမ်းဆောင်ရည်အကောင်းဆုံးအဖွဲ့ဖြစ်ကြောင်းတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၁၂၇	၁၃၀	၆၆

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၄၄.၂၃%)မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၄.၄၃၈%) မှာ အဆင်ပြေသောအဆင့်နှင့် (၃၇.၅၇%)မှာ အလယ်အလတ်အဆင့် အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှု မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီး မရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။ အဆင်မပြေသောအိမ်ထောင်စုနှင့် အလွန်အဆင် မပြေသော အိမ်ထောင်စုသည် အိမ်ထောင်စု စုစုပေါင်း၏ တစ်ဝက်ခန့်ရှိပါသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖို့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၅၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၃၈	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု (၅၄.၁၄%)ရှိပြီး မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုမှာ(၄၅.၈၆%)ရှိပါသည်။ မြေယာမပိုင်ဆိုင်သောအိမ်ထောင်စုများမှာ ကျပန်း/နေ့စား အလုပ်သမားများသည် နေ့စားအငှား လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာတတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများ ဖြစ်ကြသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	
စပါး	၄၁၄.၈၃	တင်း	၄၀	၆၀	၄၅	အသင့်အတင့်

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ စပါးစိုက် တောင်သူများအနေဖြင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလျှက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ ပျမ်းမျှ (၄၅)ကြောင်းတွေ့ရှိရပါသည်။ အစားထိုးသီနှံအဖြစ် မြေပဲ နှင့် နှမ်းစသည်များကို စိုက်ပျိုးပြီး အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ သီးနှံများ ရောင်းချရာတွင်လည်း ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ အသင့်အတင့်သာ ရှိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၉၉	၂၂၃
နို့စားနွား		
ကျွဲ		
မြင်း	၁	၁
မြည်း		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
လား		
ဆိတ်		
သိုး		
ဝက်	၁၁၇	၁၄၀
ကြက်	၁၅	၅၃
ဘဲ	၂	၉
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူရေးလုပ်ကိုင်သူ (၂၉.၂၉%)၊ ဝက်မွေးမြူရေး လုပ်ကိုင်သူ (၃၄.၆၂%)နှင့် ကြက်မွေးမြူရေးလုပ်ကိုင်သူ (၄.၄၄%)ရှိပြီး ကျွဲ၊ မြင်းနှင့် ဘဲ မွေးမြူသူ အနည်းငယ် ရှိပါသည်။ မွေးမြူရေးကို စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြ ကြောင်းတွေ့ရှိရပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ကာကွယ်ဆေး ထိုးခြင်းများ ပြုလုပ်ကြပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝအရင်းအမြစ်များထုတ် လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း	၂		၁၂	လတ်

၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၁		၁	လတ်
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၂	၂	၁၀	လတ်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၁	၁	၈	လတ်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေးလုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ-				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများ အဖြစ် နွေစားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရ လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်သူများနှင့် လယ်စိုက်လုပ်သားအဖြစ် လုပ်ကိုင်သူများသည် (၄၃.၁၁%)ရှိပြီး ၎င်းလူဦးရေသည် ကျေးရွာ၏လုပ်သားအင်အားလုပ်ကိုင်နိုင်သူဦးရေ၏ တစ်ဝက်နီးပါးခန့်ရှိသဖြင့် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ကျေးရွာတိုးတက်မှုအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ သို့သော် လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရန် အရင်းအနှီး မလုံလောက်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက်ခြင်း အားနည်းသည့်အတွက် အလုပ်အကိုင် အခက်အခဲများ၊ ဝင်ငွေ ရှာဖွေရာတွင် ဝင်ငွေနည်းပါးသည့်အတွက် မိသားစုစားဝတ်နေရေးအခက်အခဲများ တွေ့ကြုံလျှက်ရှိ ပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅-၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး** (**အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**)	**အကြီးစားဈေးကွက်** (**အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်**)
ဈေးအမည် (**မြို့/ ရွာ**)	ပုဗ္ဗဈေး	တက်ကုန်းဈေး
ရွာမှအကွာအဝေး (**မိုင်**) (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**)	၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင် အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် √ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် √ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ ပုဗ္ဗဈေးဖြစ်သော်လည်း တက်ကုန်းဈေး သို့သာ ရောင်းခြင်း၊ ဝယ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ တက်ကုန်းဈေးသည် လက်လီ၊လက်ကား ရောင်းဝယ်ဖောက်ကားသူများပြားပြီး ဒေသထွက်ကုန်များကိုလည်း အလွယ်တကူရောင်းချနိုင်သည့်အတွက် တက်ကုန်းဈေးသို့သာ သွားရောက်ရောင်းဝယ်ကြခြင်း ဖြစ်ပါသည်။

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	**အမျိုး အစား**	**အရည်အသွေး**	**ရာသီအလိုက် သုံးစွဲနိုင်မှု**	**လမ်းအရှည် (မိုင်)**
ရွာတွင်းလမ်း	၁√ ၂□ ၃□ ၄□ ၅□	**ကောင်း□ သင့် √ ညံ့ □**	**ပွင့်လင်း ရာသီ √** **တစ်နှစ်ပတ်လုံး □**	**၀-၁ မိုင် □** **၁-၅ မိုင် √** **၅-၁၀ မိုင် □** **၁၀မိုင်အထက်□**
ချဉ်းကပ်လမ်း	၁□ ၂□ ၃□ ၄□ ၅□	**ကောင်း□ သင့် □ ညံ့□**	**ပွင့်လင်း ရာသီ □** **တစ်နှစ်ပတ်လုံး □**	**၀-၁ မိုင် □** **၁-၅ မိုင် □** **၅-၁၀ မိုင် □** **၁၀မိုင်အထက်□**
ရွာချင်းဆက်လမ်း	၁√ ၂□ ၃□ ၄□ ၅□	**ကောင်း□ သင့်√ ညံ့ □**	**ပွင့်လင်း ရာသီ √** **တစ်နှစ်ပတ်လုံး □**	**၀-၁ မိုင် □** **၁-၅ မိုင် √** **၅-၁၀ မိုင် □** **၁၀မိုင်အထက်□**

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ ပွင့်လင်းရာသီတွင်သာ အသုံးပြု၍ အဆင် ပြေပါသည်။ မိုးရာသီတွင် မိုးရေတင်ခြင်း၊ ရိုးများ**မှ** ရေများ ဝင်ရောက်သည့်အတွက် ဗွက်များထခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ်သဖြင့် ကျေးရွာသူ/သားများနှင့် ကျောင်းသူ/သားများ အနေဖြင့် သွားလာရခက်ခဲလျှက်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ရိစာလမ်းအဖြစ်သို့ ဆောင်ရွက်ရန် ကြိုးစားလျှက်ရှိပါသည်။

(၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘာ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းပို့ဆောင်ဆက်သွယ်မှုမရှိပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁	၅၀	၂		၃		၅၀

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်များကို အဓိကအသုံးပြုပြီး ကား၊ နွားလှည်း **စသည်တို့အားလည်း အနည်းငယ်အသုံးပြုကြပါသည်။ တက်ကုန်းမြို့နဲ့နီးခြင်း၊ ပုဗ္ဗသီရိမြို့နှင့် နီးသည့်အပြင် ကားလမ်းမကြီးသည် ကတ္တရာလမ်းမကြီးဖြစ်သည့်အတွက် သွားလာရ လွယ်ကူလျှက်ရှိပါသည်။**

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၄၁
ဆိုလာစနစ်	၁
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၁
လေစွမ်းအင်	
ဇီဝလောင်စာ	
